ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၁၈-၈-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အာမကတိ ကော်မတီ အစည်းအဝေး။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှမြင့်သန်း(ခ)ဦးလှမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးငွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ရေဘေးကယ်ဆယ်ရေး။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်နှင့် ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ရေဘေးကယ်ဆယ်ရေးကိစ္စတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၆)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၉)ဦး ဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦး ဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းသည့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း က ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာနံနက်ခင်းပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ယခုမေးမယ့်မေးခွန်းဟာ အကြောင်းအရာသစ် မဟုတ်ပါဘူး။ Transparency, Integrity, Accountability မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီအကြောင်းအရာဟာ နှစ်ခါထပ်ပြီးတော့ မေးရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စက ဘာလဲဆိုလို့ရှိရင် ကျွန်မရဲ့ မဲဆန္ဒနယ် နယ်မြေတစ်ခုဖြစ်တဲ့ ရေတာရှည်မြို့က ဆေးရုံအကြောင်းပါ။ ရေတာရှည်မြို့ဟာ ပဲခူးတိုင်းဒေသကြီးမှာရှိပါတယ်။ ရေတာရှည်မြို့ဟာ သူ့ရဲ့နယ်နိမိတ်ဟာဆိုလို့ရှိလို့ရှိရင် ဘယ်မှာဆုံးသလဲ ဆိုလို့ရှိရင် ပဲခူးတိုင်းဒေသကြီးရဲ့အဆုံးမှာရှိပြီးတော့ မန္တလေးတိုင်းဒေသကြီးရဲ့ အစမှာရှိပါတယ်။ ရေတာရှည်မြို့နယ်ရဲ့ ဧရိယာအကျယ်အဝန်းဟာ (၁၀၁၁.၁၁) စတုရန်းမိုင် ရှိပါတယ်။ ကျေးရွာပေါင်း (၃၂၆)ရွာရှိပြီးတော့ လူဦးရေ (၂)သိန်းရှိပါတယ်။

အဲဒီတော့ သူနဲ့ ဆက်စပ်နေတဲ့မြို့နယ်တွေဟာဆိုလို့ရှိရင် မြို့နယ်နဲ့ ပြည်နယ်နဲ့တိုင်းဟာဆိုလို့ရှိရင် အရှေ့ဘက်မှာဆိုလို့ရှိရင် ကရင်ပြည်နယ်၊ သံတောင်ကြီး၊ အနောက်ဘက်မှာဆိုလို့ရှိရင် မကွေးတိုင်း၊ တောင်ဘက်မှာဆိုလို့ရှိရင် တောင်ငူ၊ မြောက်ဘက်မှာဆိုလို့ရှိရင် မန္တလေးတိုင်း ဒီတိုင်းနဲ့ ပြည်နယ်တွေကနေပြီးတော့ ရှိတဲ့မြို့တွေက ရွာတွေဟာဆိုလို့ရှိရင်လည်းပဲ ဒီရေတာရှည်မြို့နယ်ရဲ့ ရွာကလေးတွေနဲ့ ဆက်စပ်နေပါတယ်။ ကျွန်မ Campaign သွားတုန်းက အဲဒီရွာတွေကိုရောက်တဲ့အခါမှာ အင်မတန်မှဆင်းရဲတာကိုတွေ့ပါတယ်။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေးကလည်း အလွန်ခက်ခဲပါတယ်။ အဲဒီရွာက လူတွေဟာ သူတို့ဆေးကုမယ်ဆိုလို့ရှိရင် အလွန်ဆုံးသွားနိုင်တာက ရေတာရှည်ဆေးရုံပါပဲ။ ရေတာရှည်ဆေးရုံဟာဆိုလို့ရှိရင် ခုတင်(၂၅)ခုတင်ဆံ့ဆေးရုံဟာ ၁၉၅၅ ခုနှစ်၊ လူဦးရေ(၅၀၀၀၀)ရှိကတည်းက ဆောက်ထားတဲ့ဆေးရုံဖြစ်ပါတယ်။ အခုနှစ်ပေါင်း(၆၀)ကြာတဲ့အခါမှာ လူဦးရေဟာ (၄)ဆ ပိုတက်လာပြီးတော့ ရောဂါတွေကလည်းပဲ ၁၉၅၅ ခုနှစ်တုန်းက မကြားဖူးတဲ့ ရောဂါမျိုးစုံက ဖြစ်နေပါတယ်။ ရေတာရှည်ဆေးရုံလေးဟာဆိုလို့ရှိရင် ရန်ကုန်-မန္တလေး သွား ကားလမ်းမဟောင်းနံဘေးမှာရှိပါတယ်။ အဲဒီတော့ အဲဒီဆေးရုံကို အဆင့်မြှင့်ဖို့အတွက် ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ ပြီးတဲ့အခါကျတော့ တိုင်းဒေသကြီးလွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေက စုစည်းပြီးတဲ့အခါကျတော့ ဆေးရုံဆောက်လုပ်ရေးကော်မတီနှင့် သူတို့စည်းရုံးထားပါတယ်။ စည်းရုံးပြီးတဲ့အခါကျတော့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာ အဲဒီ Document အပြည့်အစုံနဲ့သူတို့ဟာ

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၊ ပြီးတော့အခါကျတော့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကို တင်ထားပါတယ်။ အဲဒီလိုတင်တဲ့အခါမှာ ဒီဆေးရုံရဲ့ ဧရိယာရယ်၊ ပြီးတော့ မြေရယ်၊ Blue Print ရယ်၊ ပြီးတဲ့အခါကျတော့ Drainage System

**ဥက္ကဋ္ဌ**။ ။အချိန်လိုရင် ခွင့်တောင်းပါ။ ပြီးတော့မှ ပြောလို့ရမယ်။ လိုရင်းလေးတွေ မေးလိုက်ပါ။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရှင်။ ဟုတ်ကဲ့၊ အဲဒီဟာက အဓိကတော့ အဲဒီဟာကို တင်ထားတဲ့အခါမှာ နောက်ဆုံးဒီစာရွက်တစ်ရွက်ကို ပြီးခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ ပေးထားပါတယ်။ အဓိကကတော့ ဒီစာရွက်ကို ဖတ်ဖို့ပါပဲ။ ဒီဥစ္စာလေး တစ်ရွက်ဖတ်ပြီးရင်ပြီးပါပြီ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ စာအမှတ်၊ ရမခ(က)၂၀၁၅(၁၃၉၂)/၇၆၃၀ ရက်စွဲက ၂၀၁၅ ဧပြီလ ၂၂ ရက်၊ သို့ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၊ အကြောင်းအရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြစာကိစ္စအား တင်ပြအစီရင်ခံစာ၊ ရည်ညွှန်းချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၆-၃-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၃၃/၄၃၀(၂၁-ပသ)/အဖရ/၂၀၁၅ (၁) အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရေတာရှည်မြို့နယ် စံကိုက် ခုတင်(၅၀)ဆံ့ ဆေးရုံဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဦးအောင်သန်းမှ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံလိပ်မူ၍ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးအား စံကိုက် ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့်သို့တိုးမြှင့်ပေးရေး တင်ပြစာနဲ့ ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား ပြန်လည်တင်ပြပေးနိုင်ရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

(၂) သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ဆေးရုံအား ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် စီစဥ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း သိရှိနိုင်ပါရန်နှင့် လမ်းညွှန်မှုပြုပါရန် တင်ပြအစီရင်ခံအပ်ပါသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် လက်မှတ်ထိုးထားပါတယ်။ မိတ္တူကို နိုင်ငံတော်သမ္မတရုံးနှင့် ဒုတိယသမ္မတ(၂) ဦးစီးရုံးကို ပို့ပါတယ်။ ဒါပေမဲ့၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ ဒီရေတာရှည်ဆေးရုံဟာ ပါမလာပါဘူး။ အဲဒါဟာ ဘယ်လိုဖြစ်ပါသလဲဆိုတာကို ကျွန်မရဲ့ မဲဆန္ဒရှင်များက သိလိုတဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံကို အသစ်ဆောက်လုပ်ပေးပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆမီးမြို့တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း က ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံကို အသစ်ဆောက်လုပ်ပေးပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆမီးမြို့တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံကို အသစ်ဆောက်လုပ်ပေးပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆမီးမြို့တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက (၂)မိနစ်ခန့်တိုးပေးဖို့ တောင်းဆိုပါတယ်။ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ် (၉) မြို့နယ်ထဲတွင် တစ်ခုအပါအဝင်မြို့တစ်မြို့ဖြစ်ပါသည်။ မြို့နယ်၏ဧရိယာမှာ စတုရန်း မိုင်ပေါင်း (၃၀၀၀)ကျော်ရှိပြီး ချင်းပြည်နယ်တွင် လူဦးရေအများဆုံးနေထိုင်သော မြို့တစ်မြို့လည်း ဖြစ်ပါသည်။ လူဦးရေအားဖြင့် (၁)သိန်းနီးပါး နေထိုင်လျက်ရှိပြီး ရွှေ့ပြောင်းတောင်ယာစနစ်ကို ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက် နေထိုင်လျက်ရှိပါသည်။ မြို့နယ်တွင်းနေထိုင်သော ပြည်သူများသည် မိမိတို့၏ပလက်ဝမြို့ ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)သို့ အဆင့်တိုးမြှင့်ပေးရန်နှင့် ဆမီးမြို့တွင် (၂၅) ခုတင်ဆံ့သို့ အဆင့်တိုးမြှင့်ပေးရန် မျှော်လင့်တောင့်တကြပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးအနေဖြင့် ကျွန်တော် မေးမယ့် တင်ပြချက်များကို ကူညီဖြည့်စွက်နိုင်လိမ့်မယ်လို့လည်း အားကိုးယုံကြည်မိပါသည်။

ပလက်ဝမြို့ ပြည်သူ့ဆေးရုံကို လွန်ခဲ့သော ၁၉၆၄ ခုနှစ်တွင် မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က ဘတ်ဂျက်ငွေ (၄)သိန်းကျော်ခန့် ထောက်ပံ့ပြီး (၂၅)ခုတင်ဆံ့ ဆေးရုံကို စေတနာထက်သန်စွာ ဆောက်ပေးခဲ့ခြင်းဖြစ်ပါသည်။ အခုဆိုရင် သက်တမ်းအားဖြင့် (၅၂)နှစ်ခန့်ရှိပြီး၊ အဆောက်အအုံမှာ ဟောင်းနွမ်းလျက်ရှိပါသည်။ အပြင်ပန်းသဏ္ဌာန်သာ အရောင်သုတ်၍ လှပသစ်လွင်နေသလို မြင်ရပါသော်လည်း အတွင်းနံရံများမှာ အက်ကွဲနေလျက်ရှိနေပါသည်။ ခွဲစိတ်ခန်းထဲတွင် ဆရာ၊ ဆရာမများ မဝင်ရဲသလိုဖြစ်နေပါသည်။ ဆေးရုံ၏ဧရိယာအကျယ်အဝန်းမှာ (၃.၂၉)ဧကရှိပါသည်။ နောက်ထပ် အဆောက်အအုံသစ်ဆောက်လုပ်ရန် မြေနေရာလည်းရှိပါသည်။ လူဦးရေအားဖြင့် တိုးတက်လျက်ရှိရာ ခေတ်စနစ်နဲ့အညီ အဆောက်အအုံသစ်နှင့် ခုတင်(၁၀၀)ဆံ့အဆင့်သို့ တိုးမြှင့်ပေးရန် လိုအပ်လျက်ရှိပါသည်။ ပလက်ဝမြို့နယ်ထဲတွင် ပါဝင်သော ဆမီးမြို့ (၁၆)ခုတင်၊ တိုက်နယ်ဆေးရုံကို လွန်ခဲ့သော ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက်ငွေ (၃၆၃၅၀၀၀)ကျပ်တိတိ ထောက်ပံ့ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ နှစ်အားဖြင့် (၂၄)နှစ်ရှိပြီဖြစ်ပါသည်။ ဧရိယာအကျယ်အဝန်းမှာ (၁.၅)ဧက ရှိပါသည်။ မြို့နယ်လူဦးရေ ခေတ်မီတိုးတက်လာသည့်အတွက် ခုတင်(၂၅)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် လိုအပ်လျက်ရှိပါသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂(ဂ)တွင်လည်း နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်ဟု အတိအလင်းဖော်ပြထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းလိုသည်ကတော့ (၁) ပလက်ဝမြို့နယ်တွင် အမှန်တကယ်လိုအပ်လျက်ရှိသော မြို့နယ်ပြည်သူ့ဆေးရုံ

ကို အသစ်ဆောက်လုပ်ပေးရန်နှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် (၂) ပလက်ဝမြို့နယ်ထဲတွင်ပါဝင်သော ဆမီးမြို့တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ပလက်ဝမြို့ ပြည်သူ့ဆေးရုံ နံရံအက်ကွဲနေပုံ (တ)



ပလက်ဝမြို့ ပြည်သူ့ဆေးရုံ နံရံအက်ကွဲနေပုံ (တ-၁)



ပလက်ဝမြို့ ပြည်သူ့ဆေးရုံ နံရံအက်ကွဲနေပုံ (တ-၂)



**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လစ်လပ်နေသော ကျန်းမာရေး အမှုထမ်း၊ အရာထမ်းများကို အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ် က မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လစ်လပ်နေသော ကျန်းမာရေးအမှုထမ်း၊ အရာထမ်းများကို အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြင်းခြံခရိုင် ဆေးရုံကြီးကို ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လစ်လပ်နေသော ကျန်းမာရေးအရာထမ်း၊ အမှုထမ်းများကို အမြန်ဆုံး ခန့်ထားရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြင်းခြံခရိုင်၊ ပြည်သူ့ဆေးရုံကြီးကို ၁၉၅၁ ခုနှစ်တွင် ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးအဖြစ်စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဆေးရုံကြီးရဲ့ မြေဧရိယာ အကျယ်အဝန်းမှာ (၁၄.၈၆)ဧက ရှိပါတယ်။ မြင်းခြံမြို့နယ်အတွင်းရှိ လူဦးရေမှာ (၂၈၄၀၀၀)ကျော် ရှိပါတယ်။ မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့နယ်၊ တောင်သာမြို့နယ်၊ ငါန်းဇွန်မြို့နယ် နှင့်ရေစကြို မြို့နယ်ဆေးရုံ၏ လွမ်းခြုံဧရိယာ၏ လူဦးရေအားလုံး စုစုပေါင်းလိုက်ရင် (၅)သိန်းကျော်ခန့် မြင်းခြံ ခရိုင် ဆေးရုံကြီးကို မှီခိုအားထားနေရပါတယ်။ မြင်းခြံခရိုင်ဆေးရုံ၏ အကျိုးပြုဧရိယာအတွင်း တက်ရောက်နေသော ခွဲစိတ်လူနာ၊ အတွင်းလူနာ၊ အပြင်လူနာ၊ မွေးလူနာ၊ အထွေထွေစသဖြင့် တက်ရောက်ကုသသော လူနာဦးရေမှာ ၂၀၁၅ ခုနှစ်အတွင်း (၄၇၇၃၆)ဦးရှိသဖြင့် လက်ရှိခုတင် (၁၀၀)ဖွဲ့စည်းပုံနှင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ မနိုင်မနင်း ဖြစ်နေပါတယ်။ ထိုသို့တက်ရောက် လာသော လူနာများထဲမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးရသည့် လူနာဦးရေမှာ တစ်နှစ်လျှင် (၃၁၉)ဦး ရှိပါသည်။ လူနာရှင်ရဲ့ သဘောဆန္ဒဖြင့် လွှဲပြောင်းကုသသော လူနာဦးရေ မပါ ဝင်သေးပါဘူး။ မြင်းခြံခရိုင်ဆေးရုံအတွင်းရှိ လူနာဆောင်အဆောက်အဦမှာ အားလုံး (၁၅)ဆောင် ရှိပါတယ်။ လက်ရှိ ခုတင်(၁၀၀) စံကိုက် ဖွဲ့စည်းပုံမှာ အရာထမ်း(၂၉)ဦး၊ အမှုထမ်း(၁၇၂)ဦး၊ စုစုပေါင်း (၂၀၁)ဦး ခန့်ထားရမယ့်အစား အရာထမ်း(၁၉)ဦး၊ အမှုထမ်း(၁၀၄)ဦး၊ စုစုပေါင်း(၁၂၃)ဦးသာ ခန့်ထားသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ ဝန်နှင့်အား မမျှ ဖြစ်နေပါတယ်။ ယခုလက်ရှိအချိန်မှာ မေ့ဆေးအထူးကုဆရာဝန် လစ်လပ်နေသည်မှာ (၃)နှစ်ကျော်ခန့်ရှိပြီးတော့ ရောဂါဗေဒ အထူးကု ဆရာဝန်နဲ့ သွားအထူးကု ဆရာဝန်တွေမှာလည်း ခန့်အပ်ထားခြင်းမရှိသေးပါဘူး။ လက်ထောက်ဆရာဝန် (၁၈)ဦးရှိရာမှာ (၁၂)ဦးသာရှိသဖြင့် (၆)ဦးမှာ လစ်လပ်နေပါတယ်။ အထက်တန်း သူနာပြု (၁)ဦးနှင့် သူနာပြု(၃၇)ဦးလည်း လစ်လပ်နေပါတယ်။ ထို့ကြောင့် မြင်းခြံခရိုင်ဆေးရုံကြီးကို ခုတင် (၂၀၀)ခန့် အဆင့်မြှင့်တင်ပြီး အင်မတန်လိုအပ်နေသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဒေသအတွင်းရှိ ပြည်သူများမှာ များစွာမျှော်လင့်နေပါသဖြင့် မြင်းခြံခရိုင်ဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး အဖြစ် တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် လစ်လပ်နေသော ကျန်းမာရေး အရာထမ်း၊ အမှုထမ်း များအား အမြန်ဆုံးခန့်ထားပေးပါရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါသည် ခင်ဗျား။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်း မြေနေရာ အတွက် တောင်သူ(၆)ဦးအား မြေယာလျော်ကြေးပေးချေရန် ငွေကျပ် (၉၇.၂)သိန်းကို ၂၀၁၆-၂၀၁၇ (RE)တွင် ထည့်သွင်းလျာထား ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်း မြေနေရာအတွက် တောင်သူ(၆)ဦးအား မြေယာလျော်ကြေးပေးချေရန် ငွေကျပ်(၉၇.၂)သိန်းကို ၂၀၁၆-၂၀၁၇(RE)တွင် ထည့်သွင်းလျာထားပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းက မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်း မြေနေရာအတွက် တောင်သူ(၆)ဦးအား မြေယာ လျော်ကြေးငွေ (၉၇.၂)သိန်းအားပေးချေရန် ၂၀၁၆-၂၀၁၇(RE)တွင် ထည့်သွင်းပေးထားရန် ရှိ/မရှိ ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက(၂)မိနစ်ခန့်တိုးပေးပါရန်ကြိုတင်တောင်းဆိုအပ်ပါတယ်။ အခြေခံ အကြောင်းအနေနဲ့ ဆိုလို့ရှိရင် စလင်းမြို့နယ် အားကစားကွင်းတွေဟာ ၁၉၉၀-၁၉၉၁ ခုနှစ်က သက်မှတ်ခဲ့သော်လည်း ၁၉၉၁ခုနှစ်ကနေ ၂၀၁၆ခုအထိ မြေဂရန်မရရှိခဲ့ပါဘူး။ အားကစားကွင်း သတ်မှတ်ချိန်က တစ်ဧကလျှင် (၃၀၀၀)နှုန်း နစ်နာကြေးပေးခဲ့ပြီး ယခုကာလပေါက်စျေးနဲ့ဆိုလို့ရှိရင် လွန်စွာမှ နည်းပါးနေ၍ လယ်ပိုင်ရှင်တောင်သူ(၆)ဦးက နစ်နာကြေး၊ လျော်ကြေးရလိုကြောင်း တင်ပြခဲ့ပါတယ်။ ၎င်းတောင်သူတွေရဲ့ တင်ပြချက်အရ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်က ၂၄-၇-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၃(၂၆) ၃၀၀- ကအ/ဝကရ အားဖြင့် စိစစ်တင်ပြရန် အဆင့်ဆင့်ညွှန်ကြား ရခဲ့ပါတယ်။ မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်တို့က စိစစ်ညှိနှိုင်းချက်အရ တောင်သူ (၆)ဦးအနေဖြင့် မြေယာလျော်ကြေးငွေအဖြစ် တစ်ဧကလျှင် ကျပ်(၁၀)သိန်းနှုန်းဖြင့် (၉.၇)ဧကအတွက် တန်ဖိုးငွေ (၉၇.၂)သိန်းအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပေးချေပြီးပါက အားကစားငွေအဖြစ် အသုံးချခြင်းကို သိရှိလိုက်နာမည် ဖြစ်ကြောင်း ၉-၆-၂၀၁၅ နေ့တွင် မြို့နယ် လယ်/စီရှေ့မှောက်တွင် ဝန်ခံကတိပြုလက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။

တောင်သူ(၆)ဦး၏ ဝန်ခံကတိပြု လက်မှတ်ရေးထိုးပြီး လျော်ကြေးငွေ (၉၇.၂)သိန်းအား ပေးချေရန် ၂၀၁၅-၂၀၁၆ (RE) တွင် ထည့်သွင်းလျာထားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ နေပြည်တော်၏ ၁၁-၇-၂၀၁၅ ရက်စွဲပါ စာအမှတ် ၄၀၅(က)/ ဝ၅၅-မကတ/ကရ စာဖြင့် အဆင့်ဆင့် အကြောင်းကြားထားကြောင်းစိစစ်တွေ့ရှိခဲ့ရပါတယ်။ ဒါပေသိ တကယ့်လက်တွေ့မှာ သီးနှံလျော်ကြေး (၉၇.၂)သိန်းအတွက် ၂၀၁၅-၂၀၁၆ (RE)နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့တွင် ရန်ပုံငွေ ခွဲဝေချထားပေးခြင်းမရှိကြောင်း အချိန်ကိုလေးစားသောအားဖြင့် အသေးစိတ်များကို မေးခွန်းမှာ ပူးတွဲတင်ပြအပ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဖွံ့ဖြိုးရေးအတွက် စလင်းမြို့နယ် အားကစားကွင်း မြေနေရာသတ်သတ်မှတ်မှတ် မြေယာဥပဒေနှင့်အညီ ပေါ်ထွန်းပေါ်ပေါက်ရေးအတွက် တောင်သူ (၆)ဦး မြေယာလျော်ကြေး (၉၇.၂)သိန်းကို ၂၀၁၆-၂၀၁၇ (RE)တွင် ထည့်သွင်းပေးရန် အားကစားဝန်ကြီးဌာနက ခွဲဝေချထားပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ပေးမည်ဖြစ်ကြောင်း ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပအိုဝ်းအုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်မြောက်ခြမ်းမှ ကျေးရွာအုပ်စု(၇)ခုအတွင်းရှိ ပြည်သူများအတွက် (မိုင်းပျဉ်း-ဖာလဲ)တွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် မြောက်ခြမ်းရွာမှ ကျေးရွာအုပ်စု(၇)ခုအတွင်းရှိ ပြည်သူများအတွက် (မိုင်းပျဉ်း-ဖာလဲ)တွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌခင်ဗျား။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် မြောက်ခြမ်းရှိ မိုင်းပျဉ်းအုပ်စု၊ လဲသက်အုပ်စု၊ မိုင်းလန်းအုပ်စု၊ နမ်းပါခီးအုပ်စု၊ နားတစ်အုပ်စု၊ နားပုံအုပ်စု၊ စနင်းဖောင်းဆိုင်အုပ်စု စသည့် ကျေးရွာအုပ်စု(၇)ခုရှိ ပြည်သူများသည် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကို အရေးတကြီး လိုအပ်လျက်ရှိသော ဒေသဖြစ်ပါတယ်။ ဟိုပုံးမြို့နှင့် (၂၆)မိုင်၊ တောင်ကြီးမြို့နှင့် (၂၈)မိုင် အနည်းဆုံး ကွာဝေးလျက်ရှိပါတယ်။ အဆိုပါကျေးရွာအုပ်စု (၇)ခုအတွင်းရှိ ပြည်သူများအတွက် မိုင်းပျဉ်း-ဖာလဲတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ဖွင့်လှစ်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဟိုပုံးမြို့နယ် မြောက်ခြမ်းရှိ ကျေးရွာအုပ်စု (၇)ခုအတွင်းရှိ ပြည်သူများ အတွက် မိုင်းပျဉ်း-ဖာလဲတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန်နှင့် စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေနှင့်ပတ်သက်၍ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ပဲခူးတိုင်း၊ ရေတာရှည်မြို့တွင် (၂၅) ခုတင်ဆံ့မြို့နယ်ဆေးရုံ(၁)ရုံ၊ ဆွာတိုက်နယ်ဆေးရုံ၊ မြို့လှတိုက်နယ်ဆေးရုံ၊ ရေနီတိုက်နယ်

ဆေးရုံနဲ့ စုစုပေါင်းတိုက်နယ်ဆေးရုံ (၄)ရုံဖွင့်လှစ်ထားပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်း၊ ရေတာရှည်မြို့ (၂၅)ခုတင်ဆံ့ဆေးရုံမှ ခုတင်(၅၀)တိုးမြှင့်မယ့်အဆိုကို တင်ပြသော်လည်း သွားလာရေးလွယ်ကူသော မြို့များအားဦးစားပေး စဉ်းစားရန် မသင့်သေးသဖြင့် တိုးချဲ့ ဖွင့်လှစ်မည့် အစီအစဉ်အား ပြန်လည်သုံးသပ်တင်ပြပေးသွားရန် လမ်းညွှန်ခဲ့ပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖွဲ့စည်းပုံခွင့်ပြုမိန့် မရရှိခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ရေတာရှည်မြို့နယ်ဆေးရုံကြီး ခုတင်အသုံးပြုနှုန်းကို လေ့လာရာ Bed Occupancy ကို လေ့လာတဲ့အခါမှာ ၂၀၁၁တွင် (၅၁)ရာခိုင်နှုန်း၊ ၂၀၁၂တွင် (၅၂)ရာခိုင်နှုန်း၊ ၂၀၁၃တွင် (၇၃)ရာခိုင်နှုန်း၊ ၂၀၁၄တွင် (၁၀၈)ရာခိုင်နှုန်းနှင့် ၂၀၁၅တွင် (၂၀၀)ရာခိုင်နှုန်း ရှိပါတယ်။ ပျမ်းမျှခြင်းအားဖြင့် (၅၀) မှ (၇၀)ရှိ အထိသာရှိသည်ဟု ထင်မှတ်ရပေမယ့် အဘယ့်ကြောင့်ဆိုသော် ဒီဆေးရုံမှာ GAVI ရဲ့ အထောက်အပံ့နဲ့ Maternal Voucher Scheme ဆိုတာကို ကျွန်တော်တို့ ထားပါတယ်။ ဒီ Scheme မှာ တစ်သက်လုံးမသွားပါဘူး။ မကြာခင်ပြီးတော့မှာပါ။ ဒီ Scheme အရ ကိုယ်ဝန်ဆောင်မိခင်တွေကို ငွေပေးတယ်။ ခရီးစရိတ်ပေးတယ်။ စမ်းသပ်မှုအတွက် ပိုက်ဆံပေးတယ်။ (၅)သောင်းကနေ (၁)သိန်း အဲ့လိုပေးပါတယ်။ ကိုယ်ဝန်ဆောင်မိခင်ကို အဲဒါကြောင့် ကိုယ်ဝန်ဆောင် မိခင်တွေက အများကြီးလာတက်တဲ့ အတွက် ၂၀၁၄ မှာ များသွားတာ ဖြစ်ပါတယ်။ ၂၀၁၅ မှာ များတာ ကလည်း အဲဒီမှာ သွေးလွန်တုပ်ကွေး အကြီးအကျယ် ဖြစ်သွားတဲ့အတွက် Bed Occupancy က များသွားခြင်းဖြစ်ပါတယ်။ ထို့အတူ ဒီဆေးရုံမှာပဲ ဒီ GAVI မှပဲ Hospital Equity Fund Project ဆိုတာရှိပါတယ်။ ဒီ Fund Project ကလည်း မကြာခင်ပြီးတော့မှာ ဖြစ်ပါတယ်။ ဒီ Fund Equity Project က လူနာတစ်ဦးဆေးရုံလာတက်ရင် (၅)သောင်းမှ (၁)သိန်း ခရီးစရိတ်၊ ဆေးဖိုး၊ လူနာစောင့် အတွက် နေ့တွက်စရိတ်၊ နောက် Investigations လုပ်ဖို့အတွက် စသည်ဖြင့် ပေးခြင်းဖြင့် လူနာက များနေခြင်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅မှာ။ ဒီ၂၀၁၅မှာလည်း ကျွန်တော်တို့ အတွင်းလူနာကို ကြည့်ရင် အခုချိန်ထိ (၁၄၂၈)ပဲရှိပါသေးတယ်။အဲဒီတော့ ၂၀၁၅-၂၀၁၆မှာ ကျွန်တော်တို့က ပြန်ကြည့်မှသာလျှင် ပုံမှန်ကို အခြေအနေသိပါမယ်။ ခုန GAVI Project နှစ်ခု ထွက်သွားလို့ရှိရင် လူနာလာနှုန်းက အများကြီး ကျသွားနိုင်ပါတယ်။

သို့သော်လည်း ပြန်တက်နေသေးတယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ စဉ်းစားမှာပါ။ ဝန်ထမ်း အင်အားကိုကြည့်တဲ့ အခါမှာတော့ ကျွန်တော်တို့က (၅၅)ဦးရှိတဲ့ နေရာမှာ (၂၄)ဦးပဲရှိပြီး၊ (၃၁)ဦး လစ်လပ်နေတာ တွေ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဝန်ထမ်းအင်အား ဆရာဝန် အကုန်လုံး ဒီသူနာပြုကအစ ဝန်ထမ်းအင်အားကို လောလောဆယ်တော့ အမြန်ဆုံးဖြည့်ဆည်းပေးမယ်ဆိုရင် လူနာတွေဟာ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှု ရမှာဖြစ်ပါတယ်။ အကယ်၍ ခုတင်(၅၀)တိုး မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ Medical security ကလေး၊ သားဖွားမီးယပ်၊ အရိုး၊ မေ့ဆေး၊ Emergency၊ သွားတွေကိုထည့်ပေးရမယ် ဆိုတဲ့အတွက် ဝန်ထမ်းအင်အား (၁၅၆)ဦးလောက်ရှိတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ချက်ချင်းဘယ်လိုမှ ဖြည့်ပေးလို့မရသေးပါဘူး။ အဆောက် အဦ ဆောက်ရင်တော့ ဆောက်လို့ရတယ်။ ဝန်ထမ်းအင်အားက ထည့်ဖို့ရာ နည်းနည်းအခက်အခဲ ရှိပါတယ်။ အဲဒီတော့ ဒီဝန်ထမ်းအင်အားကို မည်သည့်နည်းနှင့်မျှ လောလောဆယ်တော့ မဖြည့်သေး နိုင်ပါဘူး။ ကျွန်တော် ဒီဆေးရုံမှာရှိတဲ့ ပစ္စည်းကိရိယာ၊ ဆေးရုံမှာရှိတဲ့ပစ္စည်းကိရိယာ Laboratory

Equipment နောက် ဆေးရုံကားလည်း ခုလောလောဆယ်ပေးနိုင်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ လောလောဆယ်မှာ ပေးပြီးတော့ ဒီဆေးရုံရဲ့ လူနာတက်မှုနှုန်း အတွင်းလူနာ၊ အပြင်လူနာ အားလုံးကို ကြည့်ပြီးလျှင် လိုအပ်လျှင်လိုအပ်သလို ကျွန်တော်တို့ ဆက်လက်ပြီး စဉ်းစားပေးသွားမှာဖြစ်ပါတယ်။ ဒါပထမ မေးခွန်း ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပလက်ဝမြို့နယ်တွင် ဒီအမှန်တကယ်လိုအပ်လျက်ရှိသော မြို့နယ်ပြည်သူ့ဆေးရုံကို အသစ်ဆောက်လုပ်ရေးနှင့် ခုတင်(၁၀၀)ဆံ့ အဆင့်တိုးမြှင့်ပေးခြင်း အစီအစဉ်ရှိ/မရှိနဲ့ ဆမီးမြို့နယ်တွင် (၂၅) ခုတင်ဆံ့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ဖြေကြားပါမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဆေးရုံ၊ ဆေးခန်း ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ အကြီးစားပြင်ဆင်မွမ်းမံပေးခြင်း လုပ်ငန်းများကို ခွင့်ပြုဘဏ္ဍာငွေအရ တစ်နိုင်ငံလုံးအတိုင်းအတာပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ် ပလက်ဝ မြို့နယ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ရုံ၊ ဒီခုတင် (၅၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ မကြာသေးခင် ၁-၁-၂၀၁၆ ကမှ ကျွန်တော်တို့ခုတင်(၅၀)ကိုပေးပါတယ်။ အခု ခုတင်(၅၀)ကနေပြီးတော့ (၁၀၀)အထိ တောင်းခြင်းဖြစ်ပါတယ်။ ဆမီးမြို့နယ်ဆေးရုံနှင့် မီးဇာတိုက်နယ်ဆေးရုံ၊ စုစုပေါင်း ဆေးရုံ(၃)ရုံ ဖွင့်လှစ်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပါတယ်။ ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံရဲ့ ၂၀၁၁ ကနေပြီးတော့ ၂၀၁၅ မှာရှိတဲ့ ဒီလူနာခုတင်အသုံးချမှု ရာခိုင်နှုန်းဟာ တက်သော်ငြားလည်း အလွန်နည်းလျက်ရှိပါတယ်။ ၂၀၁၁မှာ (၁၈)ရာခိုင်နှုန်း၊ ၂၀၁၂မှာ (၂၀)ရာခိုင်နှုန်း၊၂၀၁၃မှာ(၁၆) ရာခိုင်နှုန်း၊ ၂၀၁၄မှာ (၃၀)ရာခိုင်နှုန်း ပဲရှိပါတယ်။ တစ်နေ့ပျမ်းမျှ အတွင်းလူနာ ဦးရေမှာ (၂၂)ဦးခန့်သာ ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ပလက်ဝမြို့နယ်ဆေးရုံအား ခုတင်(၅၀)မှ ခုတင်(၁၀၀)ဆံ့ အဆင့်တိုးမြှင့်ဖို့ အစီအစဉ်မရှိသေးပါ။ သို့သော်လည်း လိုအပ်တဲ့ဝန်ထမ်း၊ ပစ္စည်းကိရိယာ အစရှိသည်တို့ကိုလည်း ကျွန်တော်တို့က အမြန်ဆုံးပံ့ပိုးပေးပါမယ်။ (၁၆)ခုတင်ဆံ့ ဆမီးတိုက်နယ်ဆေးရုံသည် ၂၀၁၁မှ ၂၀၁၅ အထိ ခွင့်ပြုခုတင် အသုံးပြုနှုန်းမှာလည်း ခုတင်အဆင့်မြှင့်တင်ရန် သတ်မှတ်ရာခိုင်နှုန်းပြည့်မီခြင်း မရှိသေးပါကြောင်း ပြောကြားလိုပါတယ်။

၂၀၁၁မှာ (၁၈)ရာခိုင်နှုန်း၊ ၂၀၁၂တွင်(၂၉)ရာခိုင်နှုန်း၊ ၂၀၁၃တွင်(၁၅)ရာခိုင်နှုန်း၊ ၂၀၁၄ တွင်(၆)ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရပါတယ်။ ၂၀၁၅ မှာလည်း (၁၈.၆)ရာခိုင်နှုန်းပဲ တွေ့ရပါတယ်။ တစ်နေ့ပျမ်းမျှ အတွင်းလူနာဦးရေမှာ (၃)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်မှ (၂၅)ခုတင်ဆံ့ ဆေးရုံတိုးမြှင့်ရန် လောလောဆယ်တော့ ကျွန်တော်တို့ အစီအစဉ် မရှိသေးကြောင်း လေးစားစွာဖြေကြားလိုပါတယ်။ သို့သော်လည်း ဒီပလက်ဝမြို့နယ်ဆေးရုံရဲ့ ခွဲစိတ်ခန်းအသစ်နှင့် ဆောက်လုပ်ရေးနဲ့ ဒီအခြား အဆောက်အအုံကိစ္စများကတော့ ရခိုင်ပြည်နယ် ဦးစီးဌာနမှူးမှ ကိုယ်တိုင်အဖွဲ့နဲ့ သွားရောက်ပြီး စိစစ်မှာဖြစ်ပါတယ်။ ဓာတ်ပုံတွေကို ကြည့်လိုက်တဲ့အခါမှာ ဒါအထူးလိုအပ်တာတွေ့ရတဲ့အတွက် ဒါကိုတော့ ကျွန်တော်တို့ အမြန်ဆုံး၊ အဖြစ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်များ။ မန္တလေးတိုင်း မြင်းခြံမြို့တွင် ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူဆေးရုံ(၁)ရုံ ထနောင်း

တိုက်နယ်ဆေးရုံ၊ ဆံမြိတ်ခုံနှင့် ယုံတိုးတိုက်နယ်ဆေးရုံ စုစုပေါင်း (၄)ရုံ ဖွင့်လှစ်ထားပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံ ခွင့်ပြုခုတင်အသုံးပြုမှု ၂၀၁၅တွင် (၁၃၀) ရာခိုင်နှုန်းနှင့် ၂၀၁၁မှ ၂၀၁၅ အထိ (၅)နှစ်တာအတွင်း Increasing Trend နေသည်ကို စိစစ်တွေ့ရသော်လည်း ကုသရေးဦးစီးဌာန၏ ဆေးရုံခုတင်မြှင့်ရန်လိုအပ်တာ (၂၀၀)ရာခိုင်နှုန်း သတ်မှတ်ထားတဲ့အတွက် ဒီဟာနဲ့တော့ မကိုက်ညီပါဘူး။ သို့သော်လည်း ဒီ (၂၀၀)ရာခိုင်နှုန်း သတ်မှတ်ထားတာ ကတော့ ၁၉၉၄ ခုနှစ်က သတ်မှတ်ထားတဲ့အတွက် ကျွန်တော်တို့ ဒါကိုပြန်ပြီးတော့ ပြန်စိစစ်နေပါတယ်။ (၂၀၀) ရာခိုင်နှုန်းကတော့ ဒါမဖြစ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်ချမှာပါ။ ဒီချတဲ့အခါမှာ ဒီဟာဝင်သွားလို့ရှိရင်တော့ ကျွန်တော်တို့ပေးမှာပါ။ သို့အတွက်ကြောင့် ဒီ (၁၀၀)ဆံ့ ဆေးရုံအား (၂၀၀)ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်နိုင်ခြင်း လောလောဆယ်တော့ အစီအစဉ်မရှိသေးပါဘူး။ သို့သော် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အထူးကုလက်ထောက်ဆရာဝန် မေ့ဆေးတစ်ဦးအား ခန့်ထားပေးမည် ဖြစ်ပါတယ်။ ယခုနှစ် ဒီဇင်ဘာလလောက်မှာ ဖြစ်ဖို့များပါတယ်။ အထူးကု ရောဂါဗေဒ ခန့်ထားရေး ကိစ္စနှင့်ပတ်သက်၍ ကုသရေးဦးစီးဌာနတွင် အထူးကုဆရာဝန် ရောဂါဗေဒ ရာထူးခွင့်ပြု (၁၄၇)ဦး အနက် ခန့်ထားနိုင်သူမှာ (၇၄)ဦးသာရှိပါတယ်။ (၇၃)ဦးလစ်လပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံအတွက် လတ်တလော ခန့်အပ်ပေးနိုင်မည်တော့မဟုတ်ပါ။ အထူးကုသွားဆရာဝန် ခန့်အပ်ထားပေးရေးနှင့်ပတ်သက်၍ မြင်းခြံခရိုင်၊ ပြည်သူ့ဆေးရုံကြီးသို့ လက်ထောက်ဆရာဝန် (သွား) အား ၂၉-၁-၂၀၁၄ မှစ၍ ယခုအချိန်အထိ တာဝန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရပါတယ်။ မြင်းခြံခရိုင်၊ ပြည်သူ့ဆေးရုံတွင် သူနာပြုဆရာမကြီး ခွင့်ပြု(၅)ဦး၊ ခန့်ထား (၅)ဦး၊ အထက်တန်းသူနာပြု ခွင့်ပြု(၂၆)ဦး၊ ခန့်ထား(၂၅)ဦး၊ လစ်လပ်(၁)ဦး။ သူနာပြုခွင့်ပြု(၅၀)ဦး၊ ခန့်ထား (၁၃)ဦး၊ လစ်လပ် (၃၇)ဦး ဖြစ်ပါတယ်။ သူနာပြုအနေနဲ့ကတော့ ကျွန်တော်တို့ ဒီဇင်ဘာလ လောက်မှာ (၁၈၀၀)လောက် ခန့်ဖို့ရှိပါတယ်။ ဒီအထဲကနေပြီးတော့ ကျွန်တော်တို့ ဦးစားပေးပြီးတော့ သူနာပြုကို ခန့်အပ်ပေးပါမယ်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေတွင် သူနာပြုများ လိုအပ်ချက်ရှိနေပါသဖြင့် အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ်မရှိသော်လည်း မကြာခင်ထွက်ပေါ်လာမည့် သူနာပြုများနှင့် နောက်ထွက်ပေါ်လာမည့် သစ်လွင်ဆရာဝန်များကိုလည်း မြင်းခြံခရိုင်ဆေးရုံကြီးသို့ ကျွန်တော်တို့ ခန့်အပ်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ မြင်းခြံဆေးရုံကြီးရဲ့ ခုတင်အသုံးပြုမှုကို ကျွန်တော်တို့ အသေးစိတ်လေ့လာတဲ့အခါမှာ ၂၀၁၁ မှာ (၉၆)ရာခိုင်နှုန်းမှ ၂၀၁၅ မှာ (၁၃၀)ရာခိုင်နှုန်းတော့ ရှိလာပါတယ်။ သို့သော် ဒီရာခိုင်နှုန်းက ဆက်လက်တက်လာမယ်ဆိုလို့ရှိရင်တော့ ဒါကိုကျွန်တော်တို့ ပြန်လည်စဉ်းစားပေးပါမယ်။ ယခုအချိန်အခါမှာဆိုရင် ကျွန်တော်တို့အနေနဲ့က ရှိပြီးသား ဆေးရုံများကို အင်အားဖြည့်ဆည်းနေခြင်း ဖြစ်ပါတယ်။ ဆေးရုံခုတင်တိုးခြင်းသည် ကျွန်တော်တို့ တိုးလိုသော်လည်း ခုတင်တစ်ခုတိုးလို့ရှိရင် ဝန်ထမ်းအင်အား ရာနဲ့ချီပြီး ကျွန်တော်တို့ တိုးပေးရတဲ့အတွက် လောလောဆယ် အခြေအနေမှာတော့ မဖြစ်နိုင်ပါဘူး။ ဒီကိစ္စတွေဟာ ဘာကြောင့်ဖြစ်ရလဲဆို ကျွန်တော်ဒီမှာ ဥက္ကဋ္ဌကြီးကို တင်ပြချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီ Health Workforce Strategic Plan ၂၀၁၂ မှ ၂၀၁၇ ခုနှစ် အထိကိုရှိပါတယ်။ ဒါကို အမှန်အတိုင်းပြောရင် ဒါကို မလုပ်ခဲ့ပါဘူး။ ကျွန်တော်က ထုတ်လုပ်တဲ့ Category of Staff လည်း လိုအပ်တာကို ကျွန်တော်တို့က မနှိုင်းယှဉ်တဲ့ ဒီလို ဖြစ်နေ

ခြင်းဖြစ်ပါတယ်။ ယခုအခါမှာတော့ ဒါကိုကျွန်တော်တို့ အသေးစိတ်လုပ်နေပြီးတော့ ဥပမာ မေ့ဆေးမှာ ပိုလို့ရှိရင် မေ့ဆေးမှာ ကျွန်တော်တို့ ပိုထုတ်မယ်။ ခုနပြောတဲ့ ရောဂါဗေဒမှာ ပိုလို့ရှိရင် ရောဂါဗေဒ ပို့မယ်။ အဲဒါကို ကျွန်တော်တို့ အပြင်းအထန်စလုပ်နေပါတယ်။ အခုနှစ် ဘွဲ့လွန်သင်တန်းကလည်း မကြာခင်မှာ တက်တော့မယ်။ ကျွန်တော်တို့ ဘွဲ့လွန်သင်တန်းတက်တဲ့ ဆရာဝန်တွေကို အကုန်တိုးပြီး ခေါ်ဖို့ အစီအစဉ်တွေ လုပ်နေပါတယ်။ မကြာခင် (၁)နှစ်၊ (၂)နှစ်အတွင်းမှာတော့ ကျွန်တော်တို့ အခြေအနေဟာ တော်တော်ကောင်းသွားမယ်လို့ ကျွန်တော်ထင်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုတော့ ဒီလောက်ပဲဖြေကြားလိုပါတယ်။

မကွေးတိုင်းဒေသကြီး အမှတ်(၆)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမောင် ၏ မေးခွန်းအား ဖြေကြားလိုသည်မှာ ဒီ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ အားကစားကွင်းမြေနေရာအတွက် တောင်သူ(၆)ဦးအား မြေယာလျော်ကြေး(၉၇.၂)သိန်း ပေးချေရန် ၂၀၁၆-၂၀၁၇ ခုနှစ် (RE)တွင် ထည့်သွင်းလျာထားခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားမှာပါ။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစား ကွင်းမြေနေရာအား တောင်သူ(၆)ဦးအား မြေယာလျော်ကြေးပေးရန် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေး နှစ်တွင် ခွင့်ပြုရန်ပုံငွေစာရင်းတွင် အခွန်အခ၊ မြေခွန်၊ ဂရန် ဝန်ဆောင်စရိတ် ခေါင်းစဉ်အနေဖြင့် လျာထားခွင့်ပြုပြီးဖြစ်ပါသဖြင့် အဆိုပါတောင်သူ(၆)ဦးအား ပေးချေနိုင်ရန်အတွက် ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာခင်အတွင်း ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ် ခင်ဗျား။

ရှမ်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် မြောက်ခြမ်းကျေးရွာ အုပ်စု (၇)စုအတွင်းရှိ ပြည်သူများအတွက် မိုင်းပျဉ်း-ဖာလဲတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ကျွန်တော်တို့ရှမ်းပြည်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဟိုပုံးမြို့နယ်တွင် ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ ကျောက်တန်းကျေးရွာဒေသတွင် တိုက်နယ်ဆေးရုံ(၁)ရုံ ဖွင့်လှစ်ထားပြီး ဖြစ်ပါ တယ်။ ဟိုပုံးမြို့နယ်အတွင်းရှိ မိုင်းပျဉ်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ထားရှိပြီး ၎င်းကျန်းမာရေးဌာနပိုင်မြေများတွင် ကျေးရွာအုပ်စု(၈)စုနှင့် ကျေးရွာပေါင်း(၉၆)ရွာ၊ လူဦးရေ (၂၁၃၇၅)ဦး ရှိပါတယ်။

မိုင်းပျဉ်းဒေသသည် တောင်ကြီး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ အမျိုးသမီးဆေးရုံကြီးတို့နှင့် (၂၇)မိုင်၊ ကတ္တရာလမ်း(၁၅)မိုင်၊ ကျောက်ခင်း(၁၂)မိုင်၊ ဟိုပုံးမြို့နယ် ဆေးရုံနှင့် (၂၄)မိုင်၊ ကတ္တရာ လမ်း(၇)မိုင်၊ ကျောက်ခင်းလမ်း (၁၇)မိုင်။ ကျောက်တန်းတိုက်နယ်ဆေးရုံနှင့် မိုင်(၂၀)ကွာပြီး တိုက်နယ် ဆေးရုံဆောက်လုပ်ရန် မြေ(၃)ဧကမှ (၅)ဧကအထိ ရှိပါသဖြင့် မိုင်းပျဉ်းဒေသတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆေးရုံအဆောက်အဦ ဆောက်လုပ်ရန်တင်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေရရှိရေးအတွက် ဆောင်ရွက်မည် ဖြစ် ကြောင်းနှင့် ၎င်းတိုက်နယ်ဆေးရုံကို ဖွင့်လှစ်ပေးဖို့ ကျွန်တော်တို့ အမြန်ဆုံးဆောင်ရွက်ပေးပါမယ်။ သွားရေးလာရေးလည်း တော်တော်ခက်တယ်။ တော်တော်ဝေးတဲ့နေရာမှာ ရောက်တဲ့အတွက် ကျွန်တော် တို့ဒါကိုလုံးဝဆောင်ရွက်ပေးပါမယ်။ ဒီနေရာမှာတစ်ခု(၁)မိနစ်လောက် တင်ပြရရင်တော့ ကျွန်တော်တို့

အနေနဲ့ ဒီစာရင်းဇယားတွေကို မှီငြမ်းပြီးတင်ပြပါတယ်။ သို့သော် ဒီစာရင်းဇယားတွေက ဘယ်လောက်မှန်သလဲ၊ မမှန်သလဲဆိုတာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း သူ့သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးမှူးတွေကို ဖိအားပေးစေချင်ပါတယ်။

ဒီလိုစာရင်းဇယားမှန်မှသာလျှင် ကျွန်တော်တို့ ဖြေဆိုမှုဟာ မှန်မှာပါ။ ကျွန်တော်တို့ အခု ဖြေဆိုခြင်းသည် ရရှိသည့်စာရင်းဇယားပေါ်မှာ ဖြေဆိုခြင်းဖြစ်တဲ့အတွက် အဲဒီကိစ္စကိုတော့ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာပြည်နယ်ကုသဦးစီးမှူး၊ ပြည်နယ်တိုင်းဦးစီးမှူးများကို အထူး Pressure ပေးပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေက စာရင်းဇယား မှန်ကန်ဖို့အတွက်ကို ကျွန်တော်တို့ကို ကူညီပေးမယ်ဆိုလို့ရှိရင် နှစ်ဦးနှစ်ဖက်အများကြီးအကျိုးရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ ကဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဝန်ကြီးဖြေသွားတာတော့ အများကြီးကောင်းပါတယ်။ ခင်ဗျားတို့လည်း ကိုယ့်ပြည်နယ်၊ ကိုယ့်မြို့နယ်၊ ကိုယ့်ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တော့ အားသွန်ခွန်စိုက် စစ်ဆေးပြီးတော့ တင်ပြကြဖို့ ကျွန်တော်လည်း ပန်ကြားလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၂ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၀း၄၂ နာရီအချိန်တွင် ရပ်နားပါသည်။]